**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၁၀ /၂၀၁၆**

**၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်ခြင်း၊ ဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းစသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးဆောင်ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅(ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဈ) ဥက္ကဋ္ဌ | အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ည) ဥက္ကဋ္ဌ | အဖွဲ့ဝင်
မြန်မာနိုင်ငံ ဆရာဝန်အသင်း

(ဋ) ဥက္ကဋ္ဌ | အဖွဲ့ဝင်
မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

(ဌ) ဥက္ကဋ္ဌ | အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ဍ) ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဎ) ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) | တွဲဖက်အတွင်းရေးမှူး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အရေးပေါ်ကွပ်ကဲရေးဌာန (Emergency Operations Centre-EOC)၊ ဦးစီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ EOC များအား အသင့်အနေအထားတွင် ရှိစေရေးအတွက် ပြင်ဆင်ထားရှိရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်Table Top Exercise များ၊ Simulation Exercise များ ဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကျရောက်သည့် အရေးပေါ်အခြေအနေတွင် Central Command System ဖြင့် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ စတင်ညွှန်ကြားရန်၊

(ဃ) ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး Rapid Response Team များ အသင့်ဖွဲ့စည်းနိုင်ရေးအတွက် သင်တန်းပေးရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးကျရောက်နိုင်သည့် ဒေသများ၌ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးကုသရေးအဖွဲ့များ အသင့် ဖွဲ့စည်းဆောင်ရွက်ရန်၊

(စ) ယာယီကယ်ဆယ်ရေးစခန်းများတွင် Camp Management လုပ်ငန်းများနှင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကူးစက်ရောဂါတိုက်ဖျက်ရေး အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထုအား သဘာဝဘေး၏ နောက်ဆက်တွဲကျန်းမာရေးပြဿနာများဖြစ်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါများ ကုသနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော သင်တန်းများပေးရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) လိုအပ်သော ဆေးဝါးများ စုဆောင်းထားရှိရန်နှင့် သိုလှောင်ဖြန့်ဖြူးမှုများ စီစဉ်ဆောင်ရွက်ရန်၊

(ည) လိုအပ်သော ရန်ပုံငွေများကို ကြိုတင်လျာထားဆောင်ရွက်ရန်၊

(ဋ) သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) သဘာဝဘေးကြောင့် ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ပျက်စီးမှုရှိပါက အမြန်ဆုံးပြန်လည် ပြုပြင်ရန်၊ တည်ဆောက်ရန်နှင့် လိုအပ်ပါက အဆင့်တိုးမြှင့် တည်ဆောက်ရန်၊

(ဍ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(Health Cluster) ကို ဖွဲ့စည်း၍ ဦးဆောင်ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များ (International Health Teams)ခေါ်ယူရေး ကြီးကြပ်ဆောင်ရွက်ရန်၊ နိုင်ငံတကာဆေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) သဘာဝဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ထားရှိရန်၊ အရေးပေါ်ကာလတွင် သတင်းမီဒီယာများမှတဆင့် စဥ်ဆက်မပြတ်ထုတ်လွှင့်ဖော်ပြပေးရန်၊

(တ) ဘေးသင့်ဒေသများတွင် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို သတင်းမီဒီယာများမှတဆင့် ထုတ်ပြန်ပေးရန်၊

(ထ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး၊ အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဒ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃)လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဓ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

စာအမှတ်၊ ၁-၅ / ၄၀ (က) / ၀၂၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်